**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**လျှောက်လွှာခေါ်ယူခြင်း**

**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်**

**(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)**

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူး ကျား (၆)နေရာ၊ မ (၄) နေရာ၊ စုစုပေါင်း (၁၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ၃၁ - ၇ -၂၀၂၅ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်ရ။

( ဂ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

( င ) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

( စ ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဆ) အောက်ပါဘာသာရပ်များဖြင့် မဟာဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်-

| **စဉ်** | **ဘွဲ့အမည်** |
|---|---|
| ( ၁ ) | မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)] |
| ( ၂ ) | နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ချီးမြှင့်သော မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ/ ထိုင်းဘာသာ/ ဂျပန်ဘာသာ/ ကိုရီးယားဘာသာ/ တရုတ်ဘာသာ/ ပြင်သစ်ဘာသာ/ ရုရှားဘာသာ/ ဂျာမန်ဘာသာ) [M.A (English, Thai, Japan, Korea, China, French, Russia, German)] |
| ( ၃ ) | မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A (IR)] |
| ( ၄ ) | မဟာဥပဒေဘွဲ့ (LL.M) |
| ( ၅ ) | ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့ (M.Com)/ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ (Eco)] / စာရင်းအင်းပညာမဟာဘွဲ့ [M.Econs.(Stats)]/ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့ (M.DevS)/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA) |
| ( ၆ ) | စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့ [M.Agr.Sc (Agriculture Science)] |

( ၇ ) မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်) [ M.Sc (Environmental Science)]

( ၈ ) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ [M.V.Sc. (Pathology)]/ [M.V.Sc. (Microbiology)]

( ၉ ) မဟာအင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[M.E (Information Science and Technology)]

(၁၀) မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (Information Technology)]

(၁၁) မဟာအင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [M.E (Computer Engineering)]

(၁၂) မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့် အထည်) [M.E. (Textile)]

(၁၃) မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)၊ မဟာသိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ)[M.Sc(Computer Science)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

( ခ ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

( ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

( င ) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ်မူရင်း/ မိတ္တူ

( စ ) (၂) လ အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ အရွယ် (၁.၂” x ၁.၄”) ဓါတ်ပုံနှစ်ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

( ဇ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

( ဈ )အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန် သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| မြစ်ကြီးနား | - | ၀၇၄-၂၅၂၇၆၃ | လွိုင်ကော် | - | ၀၈၃-၂၂၁၁၇ |
| မြဝတီ | - | ၀၅၈-၅၀၀၂၄ | ဘားအံ | - | ၀၅၈-၂၁၈၀၈ |

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | - | ၀၇၀-၂၁၈၀၉ | မော်လမြိုင် | - | ၀၅၇-၂၀၂၁၀၆၉ |
| ကျောက်ဖြူ | - | ၀၄၃-၄၆၀၉၈ | စစ်တွေ | - | ၀၄၃-၂၀၂၁၀၁၉ |
| လားရှိုး | - | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | - | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | - | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | - | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | - | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | - | ၀၈၄-၆၀၁၇၃ |
| မုံရွာ | - | ၀၇၁-၂၁၁၆၁ | မြိတ် | - | ၀၅၉-၄၁၀၀၂ |
| ထားဝယ် | - | ၀၅၉-၂၀၂၁၂၀၃ | ကော့သောင်း | - | ၀၅၉-၅၁၀၀၅ |
| ပဲခူး | - | ၀၂၅-၆၅၄၅၅ | မကွေး | - | ၀၆၃-၂၈၇၁၆ |
| မန္တလေး | - | ၀၂-၄၀၇၀၃၂၇ | ပုသိမ် | - | ၀၄၂-၂၁၀၀၈ |
| နေပြည်တော် | - | ၀၆၇-၃၄၁၀၀၆၀ | | | |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၂၀ - ၁၀ -၂၀၂၅ ရက်နေ့မှ ၂၄ - ၁၀ -၂၀၂၅ ရက်နေ့အထိ **ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း) နှင့် နီးစပ်ရာ အထက်ဖော်ပြပါမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ **လူကိုယ်တိုင်** လာရောက် လျှောက်ထားရမည် ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ် တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်း နှင့် လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (**အကောက်ခွန်သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူး နေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံ သင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာ ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ အကောက်ခွန်ဦးစီးဌာနရှိ ပညာရပ်နှင့်သက်ဆိုင်သောဌာနခွဲများ၌ (၅)နှစ် တာဝန်ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်ပြည့်ပြီးမှသာ အခြားဌာနခွဲနှင့် အခြားနယ်မြေရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည် ဖြစ်သည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်း ခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များ ဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည် ဖြစ်ပါသည်။ အသေးစိတ် သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**